**သခင်ဘုရားကြွလာတော်မမူမီတိုင်အောင်**

**၁ကော ၁၁း၂၆ တွင် ဤသို့ဖော်ပြထားပါသည်။ “သင်တို့သည် ထိုမုန့်ကိုစား၍ ထိုခွက်ကိုသောက်သောအခါခါ၊ သခင်ဘုရားအသေခံတော်မူခြင်းကို ကြွလာတော်မမူမီတိုင်အောင်ပြကြ၏”**

– ပွဲတော်မင်္ဂလာသုံးဆောင်သည့်အခါတိုင်း၊ ယေရှုအသေခံခြင်း ၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ပြန်လည်ကြွလာမည့်အကြောင်းများကို ဖော်ပြခြင်းကြေညာခြင်းဖြစ်သည်။

မှတ်ချက်။ ။ နုတ်ကပတ်တော်၌ “အခါခါ” ဟုပြောသောကြောင့် နေ့တိုင်းပြသရမည်။ ကြေညာရမည်။

**“ကိုယ်ကိုကိုယ်စစ်ကြောခြင်း”သည် ဘာကိုဆိုလိုသနည်း ၁ကော ၁၁း၂၈**

ဤစကားလုံးသည် မိမိအပြစ်သားဖြစ်ကြောင်း၊ အပြစ်ရှိကြောင်းကို အောက်မေ့သတိရစေရန်ပြောသောအရာမဟုတ်ပေ၊ ၂ကော၁၃း၅၌ ဤသို့ပြောပါသည်။ **“သင်တို့သည်၊ ယုံကြည်ခြင်း၌တည်သလော၊ မတည်သလောဟု ကိုယ်ကိုကိုယ်စစ်ကြောကြလော့။”**

– ယေရှုသည် သင့်အပြစ်များကို ယူဆောင်သွားပြီဖြစ်ကြောင်း ယုံကြည်ပါသလား? သင်သည် အသစ်တစ်ဖန်မွေးဖွားခြင်းခံပြီးပြီလား? ယေရှုကိုယုံကြည်ပြီး သင်၏နှလုံးသား၌ ယေရှုကျိန်းဝပ်ပြီလား?

– ဤအရာများကို သင့်ဘဝ၌ခံစားရပြီဆိုလျှင် သင်သည် ယေရှုခရစ်တော်၏ အသွေးတော်နှင့် အသားတော်ကို သုံးဆောင်သင့်သောသူဖြစ်သည်။ သင့်ကိုကြိုဆိုပါသည်။

**ပွဲတော်၌ခရစ်တော်နှင့်အတူမိတ်သဟာယဖွဲ့ခြင်း**

**ရှင်ပေါလုက ဤသို့သွန်သင်ပါသည်။ “ငါတို့သည် ကျေးဇူးတော်ကို ချီးမွမ်းရာမင်္ဂလာခွက်ဖလာမူကား ခရစ်တော်၏ အသွေးကိုဆက်ဆံခြင်း(မိတ်သဟာယ) ဖြစ်သည်မဟုတ်လော။ ငါတို့ဖဲ့သောမုန့်မူကား၊ ခရစ်တော်၏ ကိုယ်ကိုဆက်ဆံခြင်း (မိတ်သဟာယ)ဖြစ်သည်မဟုတ်လော။ (၁ကော ၁၀း၁၆)**

– ပွဲတော်မင်္ဂလာသည် ယေရှုခရစ်တော်၏ အသားတော်၊ အသွေးတော်နှင့် မိတ်ဖွဲ့ခြင်း၊ ပေါင်းစည်းခြင်းဖြစ်သည်။

**ပွဲတော်မင်္ဂလာသည် အစစ်အမှန်ဖြစ်သည်**

ယေရှုက “ဤမုန့်ကားသင်တို့အတို့အလိုငှါ ချိုးဖဲ့သောငါ၏ကိုယ်ဖြစ်၏” ဤခွက်ကား ငါ၏အသွေး၌တည်သော ပဋိညာဉ်တရားသစ်ဖြစ်၏”ဟု ဆိုခဲ့သည်။ ၁ကော ၁၁း၂၄–၂၅

ယေရှုသည် ကျွန်ုပ်တို့အတွက် သူ၏ **ကိုယ်ခန္ဓာချိုးဖဲ့ခဲ့ပြီး အသွေးတော်သွန်းလောင်းခဲ့သည်မှာ** အမှန်တကယ်ပင်ဖြစ်ခဲ့သည်။ ခွက်နှင့်မုန့်သည် ပုံဆောင်ခြင်း သက်သက်မဟုတ်ဘဲ **ဝိညာဉ်ပိုင်းဆိုင်ရာအမှန်များ** ဖြစ်သည်။ လက်ဝါးကားတိုင်၌ ယေရှု ပြုခဲ့သော အမှန်တရားကို ပွဲတော်အားဖြင့် ဖော်ထုတ်ပြသခြင်းဖြစ်သည်။ **ပွဲတော်မင်္ဂလာသည် နိုင်ငံတော်စားပွဲဖြစ်သည်။**

ယေရှုက ရှင်လုကာ ၂၂း၁၆တွင် ဤသို့ပြောခဲ့ပါသည်။ **“ဘုရားသခင်၏ နိုင်ငံတော်၌ ပသခါပွဲမပြည့်စုံမီတိုင်အောင် ဤပွဲကို တဖန်ငါမစားရ”**

ယေရှုသည် **“ဤလောက၏ အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏သိုးသငယ်”**အဖြစ် အသေခံသောအခါ ပသခါကို ပြည့်စုံစေခဲ့ပါသည်။ ယောဟန် ၁း၂၉ ၁ကော၅း၇ **“ခရစ်တော်တည်းဟူသော ငါတို့ပသခါးသိုးငယ်သည် ငါတို့အဘို့ ယဇ်ပူဇော်ရာဖြစ်၏”**

– ယေရှုနှင့်အတူ သူ၏ နိုင်ငံတော်၌ ပွဲတော်ကို အတူတကွ သုံးဆောင်ကြရမည်။

* ကားတိုင်၌ ယေရှုပြုခဲ့သော အမှုပြီးပြီဖြစ်ကြောင်း **ယုံကြည်ပြီးပွဲတော်သို့လာပါ။**
* ကျွန်ုပ်တို့သည် **အပြစ်အလုံးစုံမှလွတ် မြောက်ခြင်း** ခံစားကြရပြီဖြစ်သောကြောင့် ဒုစရိုက်(သို့)အပြစ်တရားဖြင့် အရှက်တရား အသက်တာ၌ ကျင်လည်ရန် မဟုတ်တော့ပေ။
* လက်ဝါးကားတိုင်၌ **ယေရှုပြုခဲ့သောအမှုများကိုလက်ခံပါ။**
* ယေရှုအသွေးတော်နှင့် အသားတော်ကိုလက်ခံယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့သည် **ဘုရားသခင်လက်ခံနိုင်သောသူဖြစ်လာကြသည်။**
* ကျွန်ုပ်တို့သည် ဤပွဲတော်၏ နက်နဲမြင့်မြတ်သောအဓိပ္ပါယ်ကို နှလုံးသွင်းနားလည်သောအားဖြင့် **ကြည်ညိုရိုသေစွာသုံးဆောင်ကြရမည်။**
* ကျွန်ုပ်တို့အတွက် ယေရှုသည် မိမိကိုယ်ခန္ဓာကိုချိုးဖဲ့တော်မူခဲ့သည်ဖြစ်၍ သံသယစိတ်မရှိဘဲ အမှန်တကယ်ယုံကြည်ခြင်းဖြင့်ချဉ်းကပ်ကြပါစို့။

**ဒီကနေ့ပွဲတော် မင်္ဂလာသုံးဆောင်ကြရာ၌ သမ္မာကျမ်းစာ၏ သွန်သင်ချက်နှင့်ကိုက်ညီရန်ဆင်ခြင် ကြပါစို့။**

# ပွဲတော်မင်္ဂလာ

ယေရှုသည် ပသခါပွဲတွင် ကျွန်ုပ်တို့အားပွဲတော်မင်္ဂလာအကြောင်းကို  သွန်သင်ခဲ့ပါသည်။

[ ဤပွဲကို ။     ။ <u>“နောက်ဆုံးညစာစားပွဲ ”</u> <u>“သခင်ဘုရား၏စားပွဲတော်”</u> <u>ပွဲတော်မင်္ဂလာ”</u> <u>“မုန့်ကိုဖဲ့ခြင်း”</u> ဟူ၍လည်းခေါ်ကြပါသည်။]

**ရှင်မဿဲ ၂၆း၂၆–၂၈ “ထိုအခါ စားလျက်နေကြစဉ် တွင် ယေရှုသည်မုန့်ကိုယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ မုန့်ကိုဖဲ့၍ ဤမုန့်ကား ငါ၏ကိုယ်ဖြစ်၏။ ယူ၍ စားကြလော့ဟု မိန့်တော်မူလျက်၊ တပည့်တော်တို့အား ပေးတော်မူ၏။**

**ခွက်ကိုလည်း ယူ၍ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ သူတို့အား ပေးတော်မူ၍ သင်တို့ရှိသမျှသည် သောက်ကြလော့။ ဤခွက်ကား ပဋိညာဉ်တရားသစ်နှင့်ဆိုင်၍ လူများတို့၏အပြစ်ကို လွတ်စေခြင်းငှါသွန်းသောငါ၏ အသွေးဖြစ်၏”**

[ ပွဲတော်မင်္ဂလာအကြောင်းကို **ရှင်မာကု ၁၄း၂၂–၂၄** နှင့် **ရှင်လုကာ ၂၂း၁၉–၂၀** တို့တွင်လည်း ဖော်ပြထားသည်။]

→ **မှတ်ချက်** ။   ။ ယေရှုသည် အိမ်၌စားသော ထမင်းပွဲတွင် ပွဲတော်မင်္ဂလာကို ဝေငှခဲ့ကြောင်း တွေ့ရသည်။ **(ရှင်မဿဲ ၂၆း၁၈)**

<u>**ကနဦးအသင်းတော်သည် ပွဲတော်မင်္ဂလာကို နေ့တိုင်းတစ်အိမ်ပြီးတစ်အိမ်ဝေငှခဲ့ကြသည်**</u>

တမန်တော် ၂း၄၂ “ထိုသူများသည် တမန်တော်တို့၏ ဆုံးမဩဝါဒကိုခံခြင်း၊ အပေါင်းအသင်းဖွဲ့ခြင်း၊ <u>**မုန့်ကိုဖဲ့ခြင်း**</u>၊ ပဌနာပြုခြင်းတို့ကို အမြဲဆောင်ရွက်၍နေကြ၏။

တမန်တော် ၂း၄၆ “ထိုသူတို့သည်လည်း ဗိမာန်တော်၌ <u>**နေ့တိုင်းအစဉ်**</u> တညီတညွတ်တည်းနေ၍ <u>**ကိုယ်အိမ်၌မုန့်ကိုဖဲ့လျက်”**</u>

<u>**ရှင်ပေါလုသည် ပွဲတော်မင်္ဂလာအကြောင်းကို ၁ကောရိန္သု ၁၁း၂၃–၂၆တွင် သွန်သင်ညွှန်ကြားခဲ့သည်**</u>

<u>**“ယေရှုကိုအောက်မေ့”သတိရခြင်း**</u>

ယေရှုက “ငါ့ကိုအောက်မေ့ဘို့ရာ” ပြုကြလော့ဟု မိန့်တော်မူခဲ့သည်။ **(အငယ် ၂၄–၂၅)**

- ပွဲတော်မင်္ဂလာတွင် ကျွန်ုပ်တို့၏အပြစ်များကို အောက်မေ့သတိရရန်မဟုတ်ဘဲ ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်သွားသော ယေရှုကိုသာအောက်မေ့ရန်ဖြစ်သည်။

<u>**ယုံကြည်ခြင်းဖြင့်စားသောက်ရမည်**</u>

ယေရှုက “ယူ၍စားကြလော့” ထို့နောက် “ထိုခွက်ကို သောက်သောအခါခါ”ဟုမိန့်တော်မူခဲ့သည်။အငယ် ၂၇ တွင် “မထိုက်မတန်ဘဲ” စားသောက်ခြင်းအကြောင်းကို ဖော်ပြထားသည်။ အဓိပ္ပာယ်မှာ ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကားတိုင်းတွင် အသေခံခဲ့သည်ကို လက်မခံဘဲငြင်းပယ်ခြင်းကို ဆိုလိုသည်။

- ယေရှုသည် သင့်အပြစ်ကြောင့် အသေခံပြီး ရှင်ပြန်ထမြောက်ခဲ့သည်ကို ယုံကြည်လက်ခံပါသလား?

<u>**ယေရှုကို ဘယ်နှစ်ကြိမ်အောက်မေ့ရပါမည်နည်း?**</u>

ယေရှုကိုအာရုံ၌ထားပြီး ပွဲတော်မင်္ဂလာကိုသုံးဆောင်ရပါမည်။၁ကော၁၁း၂၅တွင်ယေရှုက “အခါခါ” ဟုပြောခဲ့သည်။ ယေရှုကိုဘယ်နှစ်ကြိမ်အောက်မေ့လိုပါသနည်း။?ဟုမေးခွန်းထုတ်ချင်ပါသည်။

ကနဦးအသင်းတော်သည် ပွဲတော်မင်္ဂလာကို <u>**နေ့တိုင်းတစ်အိမ်ပြီးတစ်အိမ်**</u> သုံးဆောင်ခဲ့ကြသည်။ **(တမန်တော် ၂း၄၆)**

ယေရှုကို အောက်မေ့သတိရစေသောပွဲတော်မင်္ဂလာကို သုံးဆောင်ရာ၌ <u>**နေရာနှင့်အရေအတွက်များကို**</u> ကန့်သတ်ချက်မထားသင့်ပေ။

<u>**ယေရှုသည် ပဋိညာဉ်တရားသစ်ကို တည်ထောင်ခဲ့သည်။**</u>

ဓမ္မသစ်ကျမ်းတွင် ပွဲတော်မင်္ဂလာ၌ ယေရှုသည် ခွက်ကို အသွေး၌တည်သော “ပဋိညာဉ်တရားသစ်” ဟူ၍အမြဲဖော်ပြလေ့ရှိသည်။

ဟေဗြဲ ၈း၁၀–၁၂တွင် ကတိတော်လေးခုနှင့်ဆိုင်သော ပဋိညာဉ်တရားသစ်ကိုတွေ့ရသည်။

<u>**ကတိတော်လေးခုမှာ–**</u>

**၁။ “ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့သွင်းမည်။**

**၂။ ငါသည်သူတို့၏ဘုရားဖြစ်သည်။ သူတို့သည်လည်းငါ၏လူဖြစ်ကြလိမ့်မည်။**

**၃။ အငယ်ဆုံးသောသူမှ အကြီးဆုံးသောသူတိုင်အောင်ထိုသူအပေါင်းတို့သည် ငါ့ကိုသိကြလိမ့်မည်။**

**၄။ သူတို့အပြစ်များကိုသည်းခံမည်။ သူတို့ပြစ်မှားခြင်း၊ လွန်ကျူးခြင်းကို မအောက်မေ့ဘဲနေမည်။”**